မြန်မာစာသင်ကြားရေးပြန့်ပွားစေရန် ဆုံးဖြတ်ချက်

မြန်မာစာသည် နိုင်ငံတော်စာပေဖြစ်သည်။ “ဝ”ပြည်နယ်သည် မြန်မာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လူမျိုးစုံရောနှောနေထိုင်သော ဒေသဖြစ်သည်။ သမိုင်းကြောင်းနှင့် ဒေသတည်ရာအကြောင်းစုံကြောင့် တရုတ်ပြည်နှင့် နယ်စပ်နေသောကြောင့် “ဝ”ပြည်နယ်ပြည်သူလူထုနှင့် အဆင့်ဆင့်ကေဒါများမှာ မြန်မာစာတတ်၊ မြန်မာစကားတတ်သူမများပါ။ ငြိမ်းချမ်းရေးတည်ဆောက်ရေးကာလမှာ အစိုးရသည်“ဝ”ပြည်နယ်အတွင်းမှာ မြန်မာစာသင်ကျောင်းဆောင်အချို့တည်ထောင်ပေးခဲ့ပါသည်။ မြန်မာစာသင်ကျောင်းဆရာ/ဆရာမများ ရာကျော်ကို စေလွှတ်ခဲ့ပါသည်။ ပြီးခဲ့သော ကာလမှာ ပညာသင်ကြားရေးကော်မတီဆင့်ဆင့်ဒေသအစိုးရသည် မြန်မာစာသင်ကြားရေးကို အလေးမထားနိုင်ခြင်း၊ စည်းရုံးရာမှာ အားနည်းခြင်းကြောင့် ပန်ခမ်းမြန်မာအလယ်တန်းကျောင်း၊ မိုင်းပေါက်မြန်မာစာသင်ကျောင်း၊ ဝိန်းကောင်မြန်မာစာသင်ကျောင်း၊ မိုင်းမောဗဟိုစာသင်ကျောင်းများအောင်မြင်စွာ ဒေသခံလူရည်လူချွန်များမွေးမြူနိုင်ခဲ့သည်။အခြားသောစာသင်ကျောင်းများတွင်မြန်မာစာသင်ကြားရေးသည် အားနည်းပြီး မြန်မာစာသင်တန်းသည် သဏ္ဍာန်သာရှိခဲ့ပြီး ကျောင်းသားများသည် မြန်မာစာနှစ်အချို့သင်ခဲ့သော်လည်း မြန်မာစာမတတ်၊ မြန်မာစကားမပြောတတ်ဖြစ်နေကြသည်။ ခြုံပြီး ပြောရလျှင် ဆယ်နှစ်ကျော်ကာလမှာ မြန်မာစာသင်ကြားရေး၏ အခြေအနေကို သုံးသပ်သင့်ပါသည်။ အတွေးအခေါ်ကို ပြုပြင်ရမည်။ နားလည်မှုကို တူညီစေရမည်။ မှန်ကန်အောင် စီစဉ်ထားကြရမည်။

“ဝ”ပြည်နယ်သည် မြန်မာနိုင်ငံ၏ အစိတ်အပိုင်းဖြစ်သည်။ မျက်မှောက်“ဝ”ပြည်နယ်အတွင်းမှာ တရုတ်စာကို ရုံးသုံးစာအဖြစ်စွဲနေခြင်းသည် ယာယီကာလကူးသာဖြစ်သည်။ နောင်ခါမှာ မြန်မာစာကို ရုံးသုံးစာဖြစ်ရေးသည် အခြေအနေဖြစ်၏ ဖြစ်ပေါ်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ရေရှည်မျှော်မှန်းပြီး မြန်မာစာ(နိုင်ငံသုံးစာ)သင်ကြားရေးလုပ်ငန်းကို ဆုတ်ကိုင်သွားသင့်ကြောင်းဖြစ်သည်။

မြန်မာစာသင်ကြားရေးပြန့်ပွားမှုကို ကောင်းအောင်ဆောင်ရွက်ရန် တတိယအကြိမ်ပညာသင်ကြားရေးအစည်းအဝေးသည် သေချာဆွေးနွေးသည်။ ပါတီဗဟို

ကော်မတီအစည်းအဝေးသုံးသပ်ပြီး သဘောတူသည်၊ အောက်ပါဆုံးဖြတ်ချက်ကို အထူးထုတ်ပြန်လိုက်ပါသည်၊

၁၊ "ဝ"ပြည်နယ်ရှိပါတီ၊ အစိုးရ၊ တပ်ဖွဲ့အဆင့်ဆင့်ခေါင်းဆောင်များသည် သေနင်္ဂဗျူဟာရမြန်မာစာသင်ကြားရေးကို အလေးထားလုပ်ငန်းအဖြစ်လုပ်ဆောင်ရမည်၊ နောက်နောင်မှာ မြန်မာစာဖြင့် မျက်မှောက်တရုတ်သုံးစာကနေပြောင်းလွဲရန်အတွက် လူရည်လူချွန်ကို မွေးမြူရန် ပြင်ဆင်ခြင်းဖြစ်သည်၊

၂၊ တောင်ပိုင်းအုပ်ချုပ်ရေးကော်မတီ၊ ခရိုင်များ၊ အထူးမြို့နယ်များ၊ တပ်ဖွဲ့များသည် လက်ရှိမြန်မာစာသင်ကျောင်းများကို ခိုင်မာရေးနှင့်ကောင်းမွန်အောင်လုပ်တဲ့အခြေခံပေါ်မှာ အခြားသောမြန်မာစာသင်တန်းမဖွင့်သောကျောင်းများမှာ တပြေးညီစီမံထားရမည်၊ ဒိုင်နယ်အထက်ရှိစာသင်ကျောင်းမှာ မြန်မာစာသင်တန်းဖွင့်ရမည်၊ ၂၀၀၉ ခုနှစ်ကုန်မှာ "ဝ"ပြည်နယ်အတွင်းစာသင်ကျောင်း၏ ၈၀%၌မြန်မာစာသင်ကြားပေးရမည်၊

၃၊ "ဝ"ပြည်နယ်သည်အမျိုးသားစုံညီစုစည်းနေထိုင်သောဒေသဖြစ်သည်၊ စာသင်ကျောင်းများသည် ဘာသာစုံသင်ကြားခြင်းသည် သဘာဝကျသောအခြင်းအရာဖြစ်သည်၊ စာပေသင်ကြားရာမှာ မြန်မာစာ၊ တရုတ်စာ၊ အင်္ဂလိပ်စာ၊ "ဝ"စာ၊ လာဟူစာစသည့်သင်တန်းများကို ဝေခွဲရာမှာ အတိအကျသတ်မှတ်ချက်မှာ –

(၁) မြန်မာစာကိုအဓိကထားသောစာသင်ကျောင်းမှာ မြန်မာစာသင်ချိန်သည် ၅၀%၊ အင်္ဂလိပ်စာ၊ တရုတ်စာသင်ချိန်သည် ၂၅%စီဖြစ်ရမည်၊

(၂) တရုတ်စာကိုအဓိကျထားသင်သောစာသင်ကျောင်းမှာ တရုတ်စာသင်ချိန်သည် ၅၀%၊ မြန်မာစာသင်ချိန်သည် ၃၀%၊ အခြား(အင်္ဂလိပ်၊ "ဝ")ဘာသာသင်ချိန်သည် ၂၀%၊

(၃) ရွာများတွင်ဖွင့်သောညကျောင်းများဘာသာကန့်သတ်ခြင်းမရှိ၊ မိမိလူမျိုးစာပေကို အဓိကထားသင်နိုင်သည်၊

(၄) မြန်မာစာ၊ တရုတ်စာသင်ကျောင်းများ၏ကျောင်းပိတ်ချိန်နှင့် ကျောင်းဖွင့်ချိန်များကို မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၏သတ်မှတ်ချိန်အတိုင်းဖြစ်နိုင်သည်၊

၄၊ ကျောင်းဆရာဆရာမများပြဿနာ –

ပြည်နယ်အတွင်းမြန်မာစာသင်ကြားရေးပြန့်ပွားစေရန်များပြားသောဆရာဆရာမများလိုအပ်ပါသည်။ အဓိကဆောင်ရွက်ချက်မှာ -

(၁) ပြည်ထောင်စုအစိုးရနယ်စပ်ဒေသဖွံ့ဖြိုးရေးဌာနနှင့် အဆက်အသွယ်ရပြီး၊ အစိုးရထံမှမြန်မာစာသင်ကျောင်းဆရာဆရာမများပို၍လွှတ်ပေးလာပြီး၊ လခကိုပြည်ထောင်စုအစိုးရကထုတ်ပေးတာဖြစ်ပြီး၊ ပညာရေးကော်မတီကနေစီစဉ်ခန့်အပ်တာ ဖြစ်ရမည်။

(၂) သေချာစစ်ဆေးခြင်းဖြင့် ဒီနှစ်အတွင်းမှာ ဒေသခံများပြည်တွင်းသို့ လေ့လာသင်ကြားပြီးပြန်လာသောသူများနှင့် ပြည်နယ်တွင်းမြန်မာစာသင်ကျောင်းအောင်သောလူငယ်များ။ သူတို့ကိုစာသင်ကျောင်းမှာ မြန်မာစာသင်ကျောင်းဆရာဆရာမအဖြစ်ခန့်အပ်နိုင်အောင်ကြိုးစားရမည်။

(၃) ခရိုင်များ၊အထူးမြို့နယ်များ၊ တပ်ဖွဲ့များသည်တည်ရှိရာဒေသအနီးရှိနိုင်ငံရေးပြဿနာမရှိသောမြန်မာစာတတ်သောသူကို ကျောင်းဆရာအဖြစ်ခန့်ထားနိုင်သည်။ မြန်မာစာသင်ကျောင်းဆရာဆရာမ၏လခသည် အဆင့်တူတရုတ်စာသင်ကျောင်းဆရာနှင့်တန်းတူဖြစ်ရမည်။

၅။ ကျောင်းသုံးစာအုပ်ပြဿနာ -

ဒီနောက်မြန်မာစာကျောင်းသုံးစာအုပ်များသည် -

(၁) အစိုးရ နတလ ကနေအခမဲ့မြန်မာစာဖတ်စာ၊ အင်္ဂလိပ်ဖတ်စာများဆက်လက်ပံ့ပိုးပေးသွားခြင်း။

(၂) ပညာရေးစာပုံနှိပ်ရုံးကနေ အခမဲ့ထောက်ပံ့ပေးခြင်း။

(၃) "ဝ"ပြည်နယ်အတွင်း၏လူမှုရေးထောက်ကူမှုဌာနများ၏ ကျောင်းသုံးစာအုပ်များကူညီပေးခြင်း။

၆။ ပညာရေးကော်မတီသည်မြန်မာစာသင်ကြားရေးကိုအားဖြည့်ပြီး ခေါင်းဆောင်ခြင်းနှင့်ကြီးကြပ်ခြင်းကိုဆောင်ရွက်ရမည်။ ဌာနများနှင့် ပေါင်းစပ်ပြီးမြန်မာစာသင်ကြားရေးပြန့်ပွားမှုလုပ်ငန်းကို ကောင်းအောင်ဆောင်ရွက်ရမည်။

(၁) ပညာရေးကော်မတီသည် သီးသန့်မြန်မာစာသင်ကြားရေးဦးဆောင်အဖွဲ့တည်ထားပြီး "ဝ"ပြည်နယ်၏မြန်မာစာသင်ကြားရေးကို ကြီးကြပ်ညွှန်ကြား

ပေးရမည်၊

(၂) မြန်မာစာစာမေးပွဲလွှာကို တညီတည်းဖြစ်စေရမည်၊ ပြည်နယ်တခုလုံး၏ မြန်မာစာသင်ကြားမှုအခြေအနေကိုတညီတည်း စစ်ဆေးနိုင်မည်၊

(၃) မြန်မာစာသင်ကျောင်းဆရာဆရာမမွေးမြူခြင်းနှင့် စစ်ဆေးခြင်းစနစ်ကို တည်ထောင်ရမည်၊ ဤသို့ဖြင့် မြန်မာစာကျောင်းဆရာဆရာမ၏ အရည်အသွေးကိုမြှင့်တင်နိုင်မည်၊

ဤဆုံးဖြတ်ချက်သည် ၂၀၀၇ ခုနှစ်ဒီဇင်ဘာလ ၁၀ ရက် "ဝ"ပြည်နယ်တတိယ အကြိမ်ပညာရေးလုပ်ငန်းအစည်းဝေးမှာ အတည်ပြုလိုက်ပါသည်၊

"ဝ"ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ
နိုင်ငံရေးဌာနကြီး
ပညာရေးကော်မတီ
၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်

"မြန်မာစာသင်ကြားရေးပြန့်ပွားစေရန် ဆုံးဖြတ်ချက်" ကို ဆက်လက်အကောင်အထည်ဖော်ရန် အကြောင်းကြားချက်။

ခရိုင်များ၊ အထူးမြို့များ၊ တပ်ဖွဲ့များ၊ ဗဟိုဌာနများ–

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် ဗဟိုရုံးအစည်းအဝေးဆုံးဖြတ်လိုက်သည်မှာ –"ဝ"ပြည်နယ် နောင်မှာမြန်မာလူမှုရေးရေစီးကြောင်းအတွင်းသို့ ဝင်သွားနိုင်ရန် အတွက်၊"ဝ"ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြောင်းဖေါ်ဆောင်နိုင်ရန်အတွက် ကျွန်တော်တို့ပြည်ထောင်စုအစိုးရသို့ တိုင်းအဆင့် "ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်" လျှောက်ထားချက်ပြီး နောက်ပိုင်းမှာ ထိန်းချုပ်ရေး၏ လိုအပ်မှုအတွက် "ဝ"ပြည်နယ်သည် အရေးတကြီးမြန်မာစာတတ်၊ မြန်မာစကားတတ်သော လူငယ်အများအပြားမွေးမြူရမှာဖြစ်သည်။ ထို့ကြောင့် ဒီနောက်"ဝ"ပြည်နယ်သည် ပညာသင်ကြားရေးမှာ "ဝ"စာပေကို ပြန့်ပွားခြင်းနှင့် မြှင့်တင်ခြင်း၏ အခြေခံပေါ်မှာ ဆက်လက်၍ မြန်မာစာသင်ကြားရေးကို အဓိကသင်တန်းအဖြစ် ဆောင်ရွက်ရမည်။ ဤအကြောင်းကြောင့် ပါတီဗဟိုသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ"ဝ"ပြည်နယ်တတိယအကြိမ် ပညာသင်ကြားရေးလုပ်ငန်းအစည်းအဝေးမှ သေချာဆွေးနွေးပြီး ပါတီဗဟိုသုံးသပ်ပြီး သဘောတူ၍ ထုတ်ပြန်လိုက်သော "မြန်မာစာသင်ကြားရေးပြန့်ပွားစေရန် ဆုံးဖြတ်ချက်" ထပ်မံထုတ်နိုပ်ဝေပေးလိုက်ပါသည်။ ခရိုင်များ၊ အထူးမြို့နယ်များ၊ တပ်ဖွဲ့များ၊ ရုံးဌာနများရှိ အဆင့်ဆင့်ကေဒါများသည် လူထုကို ရှင်းပြကြရမည်။ အနာဂါတ်ကို ရည်မှန်းပြီး အတွေးအမြင်ကို ပြောင်းလွဲကြရမည်။ ဒေသအသီးသီးဖွင့်ထားသော စာသင်ကျောင်းများသည် မြန်မာစာကို အဓိကထားသော သင်ကြားရေးအဖြစ်အဆင့်ရှိစွာ ပြောင်းလွှဲကြရမည်။ ပြည်နယ်တခုလုံးရှိ ပညာသင်ကြားရေးထိန်းသိမ်းသော ဌာနများ၊ စာသင်ကျောင်းများသည် ဤ "ဆုံးဖြတ်ချက်"ကို ဆက်လက်ကောင်အထညဖေါ်သွားရမှာဖြစ်သည်။

ပူးတွဲ ပါစာ – "မြန်မာစာသင်ကြားရေးပြန့်ပွားစေရန် ဆုံးဖြတ်ချက်"

"ဝ"ပြည်နယ်
သွေးစည်းညီညွတ်ရေးပါတီ
ဗဟိုကော်မတီ
၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ ရက်။